ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

Delegation for Political Negotiation (DPN)

# သတင်းထုတ်ပြန်ချက်

# ၃/၂၀၁၆

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်

ရန်ကုန်မြို့

ခူဦးရယ် ဦးဆောင်သည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သည့် ၂၁ ရာစု ပင်လုံညီလာခံ (ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ) အကြိုပြင်ဆင်ရေးကော်မတီကိုယ်စားလှယ်များသည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာ (NRPC) ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ယခုလက်ရှိ NLD အစိုးရမှ ဦးဆောင်နေသောငြိမ်းချမ်းရေးဖြစ်စဉ်၌ အားလုံးပါဝင်နိုင်မည့် လက်တွေ့လုပ်ငန်းစဉ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

UNFC မှ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ၂၁ ရာစု ပင်လုံညီလာခံ (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ) နှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) တို့နှင့်ပတ်သက်သည့် အစိုးရ၏အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ချဉ်းကပ်ပုံများကို ရှင်းလင်းပေးရန် ဆွေးနွေးတင်ပြခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသောကိုယ်စားလှယ်များမှ UNFC ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဥက္ကဋ္ဌများ ပါဝင်သောအဖွဲ့နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကြမည့် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လလယ်တွင် ရန်ကုန်မြို့၌ ပြုလုပ်ရန် မူအားဖြင့်သဘောတူခဲ့ကြသည်။

အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် လိုအပ်သည်များကို ထိရောက်စွာပြင်ဆင်နိုင်ရန်အတွက် ဆက်လက်တွေ့ဆုံဆွေးနွေးသွားကြရန်လည်းမူအားဖြင့်သဘောတူခဲ့ကြသည်။

ဆက်သွယ်ရန် -

ခူဦးရယ်

(၉၅) ၀၉၃၁ ၄၃၀ ၃၀၀

(၆၆) ၀၈၄၈ ၀၅၁ ၃၄၄